# ၁၁. စေတသိက်များ (၂)

## အကုသိုလ် စေတသိက်

# အကုသိုလ် စေတသိက်များ



၁၄၊ မောဟ

သဘောမှန်ရာ၊ ဖုံးကွယ်ကာ၍၊ ပညာစက္ခု၊ ကန်းအောင်ပြုလျှင်း၊ မိုက်မဲခြင်း၊ မယွင်း မောဟ သဘောတည်း။

၁၅၊ အဟိရိက

ရှုသူတို့ဝက်၊ မစင်ဗွက်ကို၊ မစက်ဆုပ်အား၊ မရှက်အားသို့၊ များဒုစရက်၊ ပြုဖို့ချက်မှ၊ မရှက်သသူ၊ ဖြစ်ကြောင်းဟူ၊ မှတ်ယူ အဟိရိကတည်း။

# အကုသိုလ် စေတသိက်များ



၁၆၊ အနောတ္တပ္ပ

ပိုးပရန်မျိုး၊ မီးလျှံတိုးသို့၊ အကျိုးကိုထောက်၊ ရှံ့ကြောက်စဖွယ်၊ သွယ်သွယ် ဒုစရက်၊ ပြုဖို့ချက်မှ၊ သက်သက်မရှံ့၊ အရဲစွန့်၊ ပြုဝံ့ နောတ္တပ်တည်း။

၁၇၊ ဥဒ္ဓစ္စ

လေဟုန်အရှိန်၊ ရေမငြိမ်သို့၊ မငြိမ်မသက်၊ အထက်ထက်၌၊ လွင့်တက်တတ်ရှောင်း၊ စိတ်ဖြစ်ကြောင်း၊ မကောင်း ဥဒ္ဓစ္စ သဘောတည်း။

# အကုသိုလ် စေတသိက်များ



၁၈၊ လောဘ

မျောက်နဲ့စေးပုံ၊ မခွာတုံသို့၊ အာရုံငြိကပ်၊ မခွာလတ်ဘဲ၊ တပ်မက်ခင်မင်၊ လိုချင်တတ်သော၊ ဤသဘော၊ မှတ်လော လောဘတည်း။

၁၉၊ ဒိဋ္ဌိ

အမှန်တရား၊ ဉာဏ်အလားသို့၊ အမှားကိုပင်၊ အမှန်ထင်၍၊ သိမြင်ယူမှား၊ သဘောထား၊ မှတ်သား ဒိဋ္ဌိတည်း။

# အကုသိုလ် စေတသိက်များ



၂၀၊ မာန

အများထက်ချွန်၊ စိတ်နေလွန်၍၊ တံခွန်အလား၊ ငါတကားဟု၊ ထောင်လွှားပြုလျက်၊ ကြွကြွတက်လျှင်း၊ မှတ်ထင်ခြင်း၊ မယွင်းမာန သဘောတည်း။

၂၁၊ ဒေါသ

မြွေဟောက်တမျှ၊ ထောင်းထောင်းထလျက်၊ ယှဉ်ဖက်စိတ်ခ‌ေတ်၊ ကိန်းဝပ်မီရာ၊ သတ္တဝါကို၊ ပူဆာစေလျှင်း၊ ဖျက်ဆီးခြင်း၊ မယွင်း ဒေါသ သဘောတည်း။

# အကုသိုလ် စေတသိက်များ



၂၂၊ ဣဿာ

ပရမ္ပဒ၊ ကံကောင်း မသဖြင့်၊ ပြည့်ဝဂုဏ်သိရ်၊ သူ့စည်းစိမ်ကို၊ မမြိန်နိုင်တောင်း၊ စောင်းမြောင်း မဲ့ရွဲ့၊ ကဲ့ရဲ့ ပြုံစူ၊ ရှုတ်ချမှု၊ မှတ်ယူ ဣဿာ သဘောတည်း။

၂၃၊ မစ္ဆရိယ

ရလတ္တံ့ ရပြီး၊ ငါ့ပစ္စည်းနှယ်၊ အံ့ချီးဖွယ်ကား၊ များကြွယ် သူတစ်ပါး၊ မဖြစ်စေသားဟု၊ ဖြစ်ပွားတတ်လျှင်း၊ ဝန်တိုခြင်း၊ မယွင်း မစ္ဆရိယ သဘောတည်း။

# အကုသိုလ် စေတသိက်များ



၂၄၊ ကုက္ကုစ္စ

ပြုပြီးဒုစရိုက်၊ မပြုလိုက်မိ၊ သုစရိုအတွက်၊ စက်ဆုပ်အပ်စွာ၊ ကိရိယာဟု၊ နောင်ခါတစ်ဖန်၊ ပူပန်တည်သော၊ ထိုသဘော၊ မှတ်လော ကုက္ကုစ္စ။

၂၅၊ ထိန

စိတ်စက်မခန့်၊ အနေညှိုးအောင်၊ ဖိဟန့်တတ်သော၊ ထိုသဘော၊ မှတ်လော ထိနသဘောတည်း။

# အကုသိုလ် စေတသိက်များ



၂၆၊ မိဒ္ဓ

စေတသိက်တရား၊ မခံ့ညားအောင်၊ ဟန့်တားတတ်သော၊ ထိုသဘော၊ မှတ်လော မိဒ္ဓသဘောတည်း။

၂၇၊ ဝိစိကိစ္ဆာ

သဘောအမှန်၊ စူးစမ်းပြန်လျှင်၊ ဉာဏ်မနိုင်ဘဲ၊ ဆင်းရဲကြောင်းဟု၊ ယုံမှားမှု၊ မှတ်ရှု ဝိစိကိစ္ဆာသဘောတည်း။